ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (29-4-2005) (၄၅၈၀)

ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်

☆ နိုင်ငံတော် စည်းလုံးညီညွတ်ရေးပြိုကွဲစေရန် ရည်ရွယ်လျက် ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် တစ်မျိုးပြီးတစ်မျိုး ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ပြည်သူများအားလုံးက ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်။



ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် များစွာတိုးတက်ကောင်းမွန်နေ ရွေ့နှစ်ခန့်မှစ၍ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်တော့မှာဖြစ်သည်နှင့်အညီ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေးအတွက် ကြိုတင်စီမံဆောင်ရွက်ကြဖို့လို

ရန်ကုန် ဧပြီ ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြံခင်းဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းကြိတ်စက် အမှတ်(၂)ကို ကြည့်ရှုစစ်ဆေးစဉ်(အပေါ်ပုံ)နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။ (ဝဲပုံ)
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၄-၂၀၀၅
(သောကြာနေ့)

ရေအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးပြု စိုက်ပျိုးရေးစွမ်းအား မြင့်မားရေးကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။

နိုင်ငံတော်၏ ပင်မအခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားရေးအင်အားကို တောင့်တင်းခိုင်မာစေမည်ဖြစ်သကဲ့သို့ ကျေးလက်နေ ပြည်သူများ၊ တောင်သူလယ်သမားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေအနေများကိုလည်း ဟန်ချက်ညီညီ တိုးတက်လာစေမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရန် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ ရေသွင်းရေထုတ် မြောင်းကြီးများ၊ မြစ်ရေတင် စီမံကိန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက် အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတာတမံ စီမံကိန်းများအနက် ဧပြီလ ၂၇ ရက်နေ့က ရောဝတီတိုင်း၊ ကြံခင်းမြို့နယ်တွင် ဖွင့်လှစ်ခဲ့သော ကွန်ချောင်းရေလှောင်တမံသည် ယနေ့ တပ်မတော်အစိုးရ လက်ထက်၌ နိုင်ငံတော်အတွက် တည်ဆောက်ပေးခဲ့သည့် ၁၇၃ ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ ဧရာဝတီတိုင်း၏ ရှစ်ခုမြောက် ရေလှောင်တမံလည်းဖြစ်သည်။

အဆိုပါ ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေး ချီးမြှင့်ပြီး အမှာစကားပြောကြားကာ ကွန်ချောင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **ဧရာဝတီတိုင်းနည်းတူပင် ပြည်ထောင်စုကြီး၏ အခြားပြည်နယ်၊ တိုင်းနယ်မြေများမှာလည်း အပြိုင်အဆိုင် အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည့်အတွက် ယနေ့ နိုင်ငံတော်တစ်ရပ်လုံး၏ ပြောင်းလဲတိုးတက်မှုနှုန်းသည် အလွန်သိသာ မြန်ဆန်လျက်ရှိကြောင်း၊ စီးပွားရေးကဏ္ဍမှာလည်း နိုင်ငံတော်သည် ကာလတိုစီမံကိန်းနှင့် နှစ်စဉ်စီမံကိန်းများအရ မြင့်မားသည့်နှုန်းများနှင့် တိုးတက်လာလျက်ရှိကြောင်း** ပြောကြားသွားသည်။

ကွန်ချောင်းရေလှောင်တမံ ဖွင့်လှစ်နိုင်မှုကြောင့် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက နှစ်သောင်းတွင် ဆောင်းသီးနှံနှင့် နွေစပါးသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးစွမ်းအားကို ထပ်ဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ဧရာဝတီတိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် ချောင်းရေ၊ မြစ်ရေတိုးပြီး ရေလျှံကွင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းများ အဖြစ်ရှိနေသောနေရာများကို အဖိုးတန်သည့် စိုက်ပျိုးမြေဖြစ်ပေါ်စေရန် တာတမံများ၊ ရေနုတ်မြောင်းများကို ဆောင်ရွက်ပေးသကဲ့သို့ စိုက်ပျိုးရေ လိုအပ်သည့် နယ်မြေများ၌လည်း ဆည်ရေသောက်စိုက်ပျိုးမြေများ ပေါ်ထွက်လာစေရန် ဆည်တမံများ တည်ဆောက်ပေးလျက်ရှိသည်။ တစ်နှစ်ပတ်လုံး လိုအပ်သောရေကို ထိန်းထားနိုင်သည့် ရေတံခါးများကိုလည်း ဒေသခံပြည်သူများအတွက် တည်ဆောက်ပေးခဲ့သည်။

ဧရာဝတီတိုင်းတွင် ယခုဖွင့်လှစ်လိုက်သည့် ကွန်ချောင်းရေလှောင်တမံအပြင် နန်ကသူရေလှောင်တမံနှင့် ရေလွှဲဆည်၊ ပန်းလှိုင်ရေထိန်းတံခါး၊ မဲဇလီရေထိန်းတံခါး၊ ဝါးတောရေထိန်းတံခါး၊ ထနီးရေထိန်းတံခါးစသည့် ရေစီးရေလာထိန်းနိုင်သော ရေထိန်းတံခါးများကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ထို့အတူ မပြရေလှောင်တမံစီမံကိန်း၊ ကညင်ရေလှောင်တမံစီမံကိန်း၊ ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်း၊ ငပိဆိပ်မြစ်ရေတင် စီမံကိန်းနှင့် မြို့ကွင်းမြစ်ရေတင်စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးမှုကြောင့် ယခင်က မိုးစပါးပြီးလျှင် နွေစပါးကို မည်ကာမတ္တ အနည်းငယ်သာ စိုက်ပျိုးနိုင်ခဲ့သည့် ဧရာဝတီတိုင်းတွင် နွေစပါးကို ဧက ၁၇ သိန်းခန့်အထိ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးနိုင်နေပြီဖြစ်သည်။ အလားတူ မိုးစပါးကိုလည်း ယခင်က ဧကသိန်း ၃၀ ခန့်သာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ဧက ၃၅ သိန်းအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီး နိုင်ငံတော်က လျာထားတာဝန်ပေးထားသည့် မိုးစပါးဧက ၃၆ သိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံ ဖော်ဆောင်ပေးလျက်ရှိသည့် ရေအရင်းအမြစ်များကို ဒေသခံတောင်သူလယ်သမားများ အနေဖြင့် အကျိုးရှိရှိအသုံးပြုပြီး စိုက်ပျိုးရေးစွမ်းအား မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့အလယ်ပိုင်းဒေသသို့ သမ္မတ ဗလာဒီမာပူတင် ရောက်ရှိ နှစ်ပေါင်း ၄၀ အတွင်း ရုရှားခေါင်းဆောင်၏ ပထမဆုံးခရီးစဉ်ဖြစ်

ကိုင်ရို ဧပြီ ၂၇

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ယနေ့မွန်းလွဲပိုင်းတွင် အီဂျစ်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်အရ လည်ပတ်ရန် ရောက်ရှိလာသည်။

ထိုခရီးစဉ်သည် နှစ်ပေါင်း ၄၀ ကာလအတွင်း ရုရှားနိုင်ငံခေါင်းဆောင် တစ်ဦး၏ ပထမဦးဆုံးသော ခရီးစဉ်ပင်ဖြစ်သည်။ အီဂျစ်သမ္မတ ဟော့စနီမူဘာရက်သည် ဧည့်သည်တော် ရုရှားသမ္မတနှင့် အင်္ဂါနေ့က နှုတ်ဆက်စကားအနည်းငယ်ပြောကြားခဲ့ပြီး ဗုဒ္ဓဟူးနေ့တွင် ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံဆွေးနွေးကြမည် ဖြစ်ကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။

တွေ့ဆုံဆွေးနွေးကြရာတွင် နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ ပါလက်စတိုင်း-အစ္စရေး ငြိမ်းချမ်းရေးကိစ္စနှင့် အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးတိုးတက်ဖြစ်ထွန်းမှု အခြေအနေများအကြောင်းတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။ ထို့အပြင် ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲများကိုလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်ခရီးစဉ်ပြီးလျှင် ရုရှားသမ္မတပူတင်သည် အစ္စရေးနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီး ဆက်လက်သွားရောက်မည်ဖြစ်ပြီး ထိုမှတစ်ဖန် သောကြာနေ့တွင် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်နှင့်လည်း တွေ့ဆုံရန် အစီအစဉ်ရှိသည်။ ယခုခရီးစဉ်သည် ရုရှားခေါင်းဆောင်တစ်ဦးအတွက် အစ္စရေးနိုင်ငံသို့ သွားရောက်သော ပထမဦးဆုံး ခရီးစဉ်လည်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲသို့ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတက်မည်

အမ္မန် ဧပြီ ၂၈

ဂျော်ဒန်နိုင်ငံသည် စင်ကာပူနိုင်ငံတွင် ဧပြီ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အာရှစားပွဲဝိုင်းဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာဦးဆောင်သော နိုင်ငံရေးနှင့်စီးပွားရေး ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အာရှစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကာ အရှေ့အလယ်ပိုင်း နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေနှင့်ပတ်သက်၍လည်းကောင်း၊ ဂျော်ဒန်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြထားသည်။

ဂျော်ဒန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်၍ ဘုရင်အဗ္ဗဒူလာက အာရှစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဂျော်ဒန်နှင့် စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကိစ္စရပ်နှင့်ပတ်သက်၍ စင်ကာပူ တာဝန်ရှိသူများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဂျော်ဒန်နှင့် စင်ကာပူနိုင်ငံတို့ လွတ်လပ်သောကုန်သွယ်ရေး ဇုန်နယ်မြေထူထောင်နိုင်ရေးကိစ္စရပ်ကိုလည်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ၏ ကိုယ်စားလှယ်အဖွဲ့က စင်ကာပူအစိုးရ တာဝန်ရှိသူများနှင့် ဆွေးနွေးရန်စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါရေအားလျှပ်စစ်စီမံကိန်း တောင်ကိုရီးယား ကူညီမည်

ခတ္တမန္ဒူ ဧပြီ ၂၈

တောင်ကိုရီးယားအစိုးရသည် နီပေါနိုင်ငံ အနောက်ပိုင်းတွင် မဂ္ဂါဝပ် ၃၀ ရှိ ချာမိလီယာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရာတွင် နီပေါလျှပ်စစ်ဓာတ်အားအာဏာပိုင်အဖွဲ့ကို ကူညီရန် မူအားဖြင့် သဘောတူလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားအစိုးရက စီမံကိန်းကို မကြာမီ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နီပေါ လျှပ်စစ်ဓာတ်အားအာဏာပိုင်အဖွဲ့ကို ပြောကြားသည်။ အစိုးရချင်း ညှိနှိုင်းပြီးနောက် ကူညီမှုမူဘောင်ကို ချမှတ်မည်ဖြစ်ကြောင်း နီပေါ လျှပ်စစ်ဓာတ်အားအာဏာပိုင်အဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူး ဂျနတ်လားကာမာချားယာက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ကုလသမဂ္ဂအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရေး ဆုံးဖြတ်ရန် ကမ္ဘာ့ခေါင်းဆောင်များအား ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ ဧပြီ ၂၈

ကုလသမဂ္ဂအဖွဲ့ကြီး၏ စုပေါင်းလုံခြုံရေးခိုင်မာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်ချမှတ်နိုင်ရေးတို့အတွက် နှစ်(၆၀) သက်တမ်းရှိ ယင်းအဖွဲ့ကြီးအား အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းပြောကြားလိုက်သည်။

ကုလသမဂ္ဂ နိုင်ငံခြားရေးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ကိုဖီအာနန်၏ ပြောကြားချက်ကို ယင်းသို့ဖော်ပြထားခြင်းဖြစ်သည်။ ယင်းကိစ္စကို မကြာခင်က ၎င်းရေးသားသည့် အစီရင်ခံစာတွင် ထပ်မံဖော်ပြထားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာတွင် လက်ရှိကာလ၌ ပေါ်ပေါက်နေသည့် စိန်ခေါ်မှုများအား ကုလသမဂ္ဂအဖွဲ့က လိုက်လျောညီထွေ ဖြေရှင်း ဖြည့်ဆည်းနိုင်စေမည့် အဆိုပြုချက် အများအပြားကို အလေးပေး ဖော်ထုတ် ရေးသားထားသည်။

၎င်း၏အစီရင်ခံစာတွင် နယ်စပ်ဖြတ်ကျော် ခြိမ်းခြောက်မှုများ၊ စနစ်တကျဖွဲ့စည်းထားသည့် ရာဇဝတ်ဂိုဏ်းများ၊ အိဒ်စ်ရောဂါနှင့် အကြမ်းဖက်မှုတို့ကို ဖော်ပြထားပြီး ကုလသမဂ္ဂ၌ စက်တင်ဘာလတွင် ကျင်းပမည့် ထိပ်သီး အစည်းအဝေး၌ ကမ္ဘာ့ခေါင်းဆောင်များက ထောက်ခံမှုများ ပြုလုပ်ပြီး ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်လည်း ဖော်ပြထားသည်။

သဘာဝနှင့် အကြမ်းဖက် ဘေးဒဏ် ပြန်လည် ပေါ်ပေါက်မှု မရှိစေရေးအတွက် အာမခံသည့် အစီအစဉ်များ ဖော်ဆောင်နိုင်ရန်၊ အရပ်သူ၊ အရပ်သားအား ကာကွယ်စောင့်ရှောက်ရန်၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရန်နှင့် ယင်းကဲ့သို့သော အရေးတကြီးလုပ်ငန်းများအား ဖြေရှင်းနိုင်စွမ်းရှိသည့် ခိုင်မာတောင့်တင်းသည့်အဖွဲ့ကြီးအဖြစ် တည်ထောင်ရန်ကိစ္စများကို ယင်းအစီရင်ခံစာတွင် အထူးဖော်ပြထားသည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ပြီး စက်တင်ဘာလတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးမတိုင်မီ ဆုံးဖြတ်ချက်ကို သဘောတူချမှတ်သင့်ကြောင်း ကိုဖီအာနန်က ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၅ (သောကြာနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၇:၂၀	ပြည်တွင်းသတင်း
၇:၂၅	ကျော်ဟိန်းရဲ့သီချင်း ပြဇာတ်
၇:၅၀	ဂီတသံစဉ်အလှဆင် (မေဆွိ)
၈:၁၀	အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်း သိကောင်းစရာ
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	နိုင်ငံတကာသတင်း
၈:၃၀	First Myanmar Junior World Ranking Tennis Tournament
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	စေ့စေ့စပ်စပ်
၉:၃၀	ပြည်တွင်းသတင်း
၉:၃၅	သူ့ဘဝသူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ရေဆေးပန်းချီ)
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	ယူးချောင်းတံတား
၁၀:၀၅	နိုင်ငံတကာသတင်း
၁၀:၁၀	အိမ်သုံးဆေးဝါးအလေးထား စက်မှုစွမ်းအား
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅	ဂီတဆည်းဆာတေးသံသာ
၁၁:၀၀	အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကျင်းပရာ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ ၂၆ ရက် နံနက် ၁၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အကြိုညီလာခံ(၂၀၀၅)သို့ မန္တလေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၁) ခေါင်းဆောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်နေဝင်းနှင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပုနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ညီလာခံ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကြိုညီလာခံပထမပိုင်း

အကြိုညီလာခံပထမပိုင်းတွင် သဘာပတိအဖြစ် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဂုဏ်ထူးဆောင်နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဆောင်ရွက်သည်။

အကြိုညီလာခံတွင် အခမ်းအနားမှူးအဖြစ်နယ်မြေခံဆေးတပ်ရင်းမှဗိုလ်ကြီး ဒေါ်မိုးမိုးတင်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယဗိုလ် ဒေါ်မေနွယ်ထွန်းက လည်းကောင်း ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက ညီလာခံအစီအစဉ်များကို ကြေညာကာ ညီလာခံသို့ ကိုယ်စားလှယ်တက်ရောက်မှုမှာ ၉၉ ဒသမ ၄ ရာခိုင်နှုန်း ရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အကြိုညီလာခံ(၂၀၀၅) ပထမပိုင်းကို ခေတ္တရပ်နားသည်။

ယင်းနောက် အကြိုညီလာခံဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဗိုလ်မှူးကြီးအောင်စိုး(အငြိမ်းစား)ကလည်းကောင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်း (အငြိမ်းစား)နှင့် ဗိုလ်မှူးကျင်လင်း(အငြိမ်းစား) တို့က လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေ့ဦးစွာ သဘာပတိဒုတိယဗိုလ်မှူးကြီးအောင်စိုး(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ အစီရင်ခံစာကို ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(အငြိမ်းစား)နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(အငြိမ်းစား)တို့က အပိုင်းလိုက် အသီးသီးဖတ်ကြား တင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး ငါးရပ်မှ အမျိုးသားနိုင်ငံရေးကဏ္ဍကို ဗိုလ်ကြီး အောင်မိုးကြည် (ငြိမ်း)က လည်းကောင်း၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို ဗိုလ်ကြီး ဘိုရွှေ(ငြိမ်း)ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဗိုလ်မှူးအောင်စိုး(ငြိမ်း)က လည်းကောင်း၊ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍကို ဗိုလ်ကြီး နေလင်း (ငြိမ်း)က လည်းကောင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍကို ဗိုလ်မှူး မောင်မောင်လွင် (ငြိမ်း)က လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို ရယူကာ အတည်ပြုကြောင်းကြေညာသည်။

ဖတ်ကြားကြေညာ

ဆက်လက်၍ အခမ်းအနားမှူးက မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အကြိုညီလာခံ(၂၀၀၅) မှ ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုချက်တစ်ရပ်၊ မှတ်တမ်းတင်ခြင်း ခြောက်ရပ်တို့ကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)က နိဂုံးချုပ်အမှာစကားပြောကြား၍ အကြိုညီလာခံ ကိုယ်စားလှယ်များက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြပြီး မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကိုမွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ
၈:၁၅ ၈။ ဂမုန်းရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ အကပြိုင်ပွဲ
၅:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၄၀ ၈။ တေးဂီတအစီအစဉ်
၆:၀၅ ၉။ **မင်းမသိသေးပါဘူးကွာ (ရောင်ဂုက်ပျောကြော်၊ ချစ်စရာ၊ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
၆:၁၀ ၁၀။ Discovery.
၆:၂၀ ၁၁။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်သောညီမ(အပိုင်း-၂၆)**
၇:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
၇:၄၅ ၁၆။ တီလားဗီးယားဈေးပွဲတော်ဆိုင်ရာသိကောင်းစရာအဖြာဖြာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "လိပ်ပြာခြေရာ" (လူမင်း၊ ထွန်းအိန္ဒြာဗို) [ဒါရိုက်တာ-မောင်သီ]**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ - ၂၀၀၅

မေလ(၄)မှ (၁၀)ရက်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း

လသာမြို့နယ်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန် မေ ၂၈

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည် လက်ရှိရာထူး၊ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာမျိုးမြင့် ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန
(ခ)	ဒုတိယဗိုလ်မှူးကြီးမျိုးကျော် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ဌာန
(က)	ဒေါက်တာထွန်းနိုင်ဦး	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်မွန်	ပါမောက္ခချုပ် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် (ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန

သဲအင်းဂူခုနစ်ရက် တရားစခန်းပွဲဖွင့်မည်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးရှူးရှင် သဲအင်းဂူဆရာတော်ကြီး၏သားတပည့်ဖြစ်သော အရှင်ပဏ္ဏဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို မေ ၁၆ ရက်မှ မေ ၂၂ ရက်အထိ အခမဲ့အဓိဋ္ဌာန်ဝင်ခွင့်ဖြင့် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မေ ၁၅ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း တောင်ဥက္ကလာပမြို့နယ်သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ကွယ်လွန်သူ အစ္စရေး သမ္မတဟောင်း မစ္စတာ အီဇာဝိုက်(ဇ်)မန်အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။
(သတင်းစဉ်)

ကွယ်လွန်သူ အစ္စရေးသမ္မတဟောင်း မစ္စတာ အီဇာဝိုက်(ဇ်)မန်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်သည် ယနေ့နံနက် ၁၁နာရီခွဲတွင် အမှတ်(၁၅) ခပေါင်းလမ်း လှိုင်မြို့နယ်ရှိ အစ္စရေးသံရုံးသို့ သွားရောက်၍ ကွယ်လွန်သူ အစ္စရေးသမ္မတဟောင်း မစ္စတာအီဇာဝိုက်(ဇ်)မန် အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

တိုးတက်ဖွံ့ဖြိုးအောင် သမားရိုးကျ ဆောင်ရွက်နေ၍မရဘဲ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်သွားရမည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့၊ အေရိုးဗစ်နှင့် ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၃၅၀၀ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၁၉၉၅ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ်ကိုလာရောက်ခဲ့စဉ်က **“ကချင်ပြည်နယ်အတွင်း နှစ်ကာလကြာရှည်စွာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့ခြင်းကြောင့် ဒေသတိုးတက်မှုမရှိခဲ့ကြောင်း၊ တိုးတက်ဖွံ့ဖြိုးအောင် သမားရိုးကျ ဆောင်ရွက်နေ၍မရဘဲ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်သွားရမည် ဖြစ်ကြောင်း၊ ယခုအခါ နယ်မြေဒေသမှာလည်း အေးချမ်းနေပြီဖြစ်ရာ သဘာဝ သယံဇာတများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားသွန်ကြိုးပမ်း သင့်သည့်အချိန်ပင်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

မဟာဗျူဟာလမ်းမကြီး

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ရွှေဘို-မြစ်ကြီးနားကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း အဆင့်မြှင့် ဖောက်လုပ်ပေးခဲ့သည့်အတွက် ၁၉၉၆ ခုနှစ်ကစပြီး ရွှေဘို-မြစ်ကြီးနားလမ်းမကြီးသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မဟာဗျူဟာလမ်းမကြီးအဖြစ် ခိုင်ခိုင်မာမာပေါ်ပေါက်လာခဲ့ပြီး ယခုအခါ ပြည်သူအများ သွားလာသုံးစွဲနေကြပြီဖြစ်ကြောင်း။

ရွှေဘိုကားလမ်းပေါက်သွားသော်လည်း ကားလမ်းတစ်လျှောက်လိုအပ်သည့်နေရာများတွင် တံတားများအပြည့်အစုံ မတည်ဆောက်နိုင်သေးသည့်အတွက် လက်ရှိတံတားဟောင်းများကိုသာ ဆက်လက်အသုံးပြုနေခဲ့ရကြောင်း၊ ယခုဆိုလျှင် ယနေ့ဖွင့်လှစ်သော ကျွန်းတောတံတားအပြင် ဟိုပင်တံတား၊ မိုးကောင်းတံတား၊ မိုးညှင်းတံတား စသည့်တံတားသစ်များ တည်ဆောက်ပြီးစီးသည့်အတွက် ခရီးသွားလာမှု ပိုမိုချောမွေ့မြန်ဆန်သွားပြီဖြစ်ကြောင်း။

ထပ်မံဖောက်လုပ်ဖွင့်လှစ်

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် ရွှေဘို-မြစ်ကြီးနားကားလမ်း တိုးတက်ကောင်းမွန်အောင် ယခုကဲ့သို့ ပြုပြင်တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်လည်း သပိတ်ကျင်း-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနားကားလမ်းသစ်ကြီးကိုလည်း ထပ်မံဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ် အရှေ့ခြမ်းတွင် မဟာဗျူဟာကားလမ်းအသစ် ပေါ်ထွက်လာပြီဖြစ်သည့်အတွက် ကချင်ပြည်နယ်အဖို့ တကောင်းကားလမ်း ထွက်ပေါက်တစ်ခု ထပ်မံတိုးတက်လာပြီဖြစ်ကြောင်း။

ဗန်းမော်-နမ့်ခမ်းကားလမ်းနှင့် ဗန်းမော်-စီအူ-မဘိမ်း-မိုးမိတ်ကားလမ်းကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် အပြန်အလှန်လွယ်ကူစွာ ကူးလူးဆက်သွယ်သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

ယခုကဲ့သို့ ကချင်ပြည်နယ်နှင့် အခြားပြည်နယ်၊ တိုင်းများ အပြန်အလှန် ဆက်သွယ်သွားလာနိုင်အောင် လမ်းမကြီးများ ဖော်ထုတ်ဖောက်လုပ်ခဲ့သကဲ့သို့ ပြည်နယ်အတွင်းတွင်လည်း ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုအဆင်ပြေရေးအတွက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်း၊ နမ္မတီး-တနိုင်း-နန်းယွန်းကားလမ်း၊ ထို့အပြင် မိုးကောင်း-ဖားကန့်၊ ဖားလမုန်း-ခန္တီးကားလမ်းတို့ကိုလည်း ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤလမ်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဝန်ထမ်းများနှင့် အတူတပ်မတော်သားများကလည်း မိမိတို့တာဝန်ယူနိုင်သည့်လမ်းပိုင်းအလိုက် ဝင်ရောက် ပူးပေါင်းပါဝင်ဖောက်လုပ်လျက်ရှိကြောင်း။

ဤသို့ လမ်းများ၊ တံတားများကောင်းမွန်ပါမှ ရေ၊ မြေသယံဇာတ အခြေခံကောင်းများရှိသော ကချင်ပြည်နယ်သည် အရှိန်အဟုန်ရှိရှိ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ယခုအခါ ကချင်ပြည်နယ်တွင် တည်ဆောက်ပြီးသည့် တံတားများကို ပြန်ကြည့်မည်ဆိုလျှင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ တနိုင်းတံတား၊ တာပိန်တံတား၊ တဘက်ချောင်းတံတား၊ နမ့်မြစ်ခဘောလီတံတား၊ မလိယန်ဘောလီတံတား၊ နမ့်ဆန်ယန်တံတား၊ မိုးလဲတံတား၊ ဟိုပင်တံတား၊ မိုးကောင်းတံတား၊ မိုးညှင်းတံတား၊ စင်းခန်းတံတားနှင့် ယနေ့ဖွင့်လှစ်သည့် ကျွန်းတောတံတား(မိုးကောင်း) အပါအဝင် တံတား၁၃စင်း ရှိပြီဖြစ်ကြောင်း။

အဆင့်မြှင့်တင်ပြုပြင်

တစ်ဖက်မှ ယခုကဲ့သို့ မော်တော်ကားလမ်းများ အသစ်ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ လမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း ပြုလုပ်နေသကဲ့သို့ လေကြောင်းပို့ဆောင်ရေးအနေဖြင့်လည်း မြစ်ကြီးနားလေယာဉ်ကွင်းနှင့် ပူတာအိုလေယာဉ်ကွင်းတို့ကို အဆင့်မြှင့်တင်ခဲ့ပြီး ဗန်းမော်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ပြုပြင်လျက်ရှိကြောင်း။

ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းဆက်သွယ်ရေးလမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်းတွင်သာ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိခဲ့ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံးကို ဆက်သွယ်စေရန် မော်တော်ကားလမ်းများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ်တိုးချဲ့ဖောက်လုပ်ပေးခဲ့သည့်အပြင် လိုအပ်သောနေရာတိုင်းတွင် မြစ်ကူးတံတားကြီးများကိုပါ တစ်ဆက်တည်း တည်ဆောက်ပေးခဲ့ကြောင်း၊ အသစ်ဖောက်လုပ်သည့် ကားလမ်းများသည် နိုင်ငံနှင့်အဝန်း **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း) ဖွင့်ပွဲအခမ်းအနားတွင် တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရိပ်အာဝါသကောင်းကို ရရှိခံစားနေကြရပြီဖြစ်။

ဤကဲ့သို့ အခြေခံကောင်းများအပေါ်ရပ်တည်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ညင်သာစွာအသွင်ကူးပြောင်းပြီး နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများထံ စနစ်တကျ ပြန်လည်အပ်နှံရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ခိုင်ခိုင်မာမာချမှတ်ပြီး စတင်အကောင်အထည်ဖော်နေပြီဖြစ်။

☆ စာမျက်နှာ ၄ မှ

ပြည်ထောင်စုလမ်းမကြီးများအသွင် ဖြစ်ပေါ်လာပြီး ယခင်ကကဲ့သို့ နီးလျက်နှင့်ဝေးရသော အခြေအနေမှ တိုင်းရင်းသားလူမျိုးများအားလုံး ဒေသမရွေးသွေးစည်းချစ်ကြည်စွာ ကူးသန်းဆက်သွယ်နိုင်သည့်အခြေအနေများဖြစ်ပေါ်ခဲ့ပြီးဖြစ်ကြောင်း။

ဤသို့ လမ်းပန်းဆက်သွယ်မှုအပိုင်းကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နေသကဲ့သို့ ကချင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက်လည်း လိုအပ်သည့်အခြေခံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏ မှန်ကန်သည့် မူဝါဒဆိုင်ရာလမ်းညွှန်မှု၊ တွန်းအားပေးမှု၊ ပံ့ပိုးကူညီမှု၊ နယ်မြေတာဝန်ခံများ၏ မနားမနေ ကွင်းဆင်းကြပ်မတ်အားပေးမှု၊ ဒေသခံပြည်သူ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်စွာဖြင့် လုံ့လဝီရိယစိုက်ထုတ်မှု စသည့်လုပ်အားအပေါင်းအစုကြောင့် ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုသည် တစ်နှစ်ထက်တစ်နှစ် သိသာစွာတိုးတက်လာနေခြင်းဖြစ်ကြောင်း။

အားရစရာဖြစ်

ယခုကဲ့သို့ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်းပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍ အသီးသီးတိုးတက်အောင်မြင်မှု အသီးအပွင့်များ ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ကချင်ပြည်နယ် အေးချမ်းတည်ငြိမ်မှုရရှိပြီး တရားဥပဒေ စိုးမိုးလွှမ်းခြုံနေခြင်း

လက်တွဲပူးပေါင်းစွမ်းဆောင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကဲ့သို့ နိုင်ငံတော်သစ်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများစုစည်းပေါ်ထွက်လာချိန်တွင် ကချင်ပြည်နယ် အပါအဝင် ပြည်နယ်၊ တိုင်းအားလုံးတွင်ရှိသော တိုင်းရင်းသားပြည်သူများအားလုံးသည် ဒို့တာဝန်အရေးသုံးပါးကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်အောင်၊ ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စုနိုင်ငံတော်ကြီး ထည်ထည်ဝါဝါတည်တံ့ခိုင်မြဲအောင် လက်တွဲပူးပေါင်း စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားရင်း ကျွန်းတောတံတား (မိုးကောင်း)ကို တာဝန်ယူတည်ဆောက်သူများ၊ ဝိုင်းဝန်းအထောက်အကူပြုသူများ၊ ကြိုးကြပ်ကွပ်ကဲသူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုအပေါ် အခြေခံပြီး ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ ဖိဖိစီးစီးကြိုးစားခဲ့သဖြင့် ကချင်ပြည်နယ်သည် ဆန်လိုဒေသကနေ လွတ်မြောက်ပြီး ဆန်စပါးပိုလျှံသည့် ပြည်နယ်အဖြစ် ခိုင်မာစွာ ရပ်တည်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း) ဖွင့်ပွဲအခမ်းအနားတွင် ကချင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ဒေသဆန်ဖူလုံပိုလျှံ

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်သောင်းကျန်းမှု ချုပ်ငြိမ်းပြီး တိုင်းရင်းသားညီအစ်ကို သွေးချင်းသားချင်းများအကြား ငြိမ်းချမ်းမှု၊ နားလည်မှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့၏ စွမ်းအားကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သာမက ကချင်ပြည်နယ်၏ စီးပွားရေးတိုးတက်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်ဖြင့် သိသိသာသာ တိုးတက်လာလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ကချင်ပြည်နယ်သည် ယခင်ကာလများက ဒေသဆန်ဖူလုံမှုမရှိဘဲ ပြည်မကဆန်ကိုသာ မှီခိုအားထားနေရသည့် အခြေအနေရှိနေရာမှ ပြည်နယ်အတွင်းရှိ မိရိုးဖလာ တောင်သူလယ်သမားများသာမက နိုင်ငံ့ဝန်ထမ်းများရော၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့် လုပ်ငန်းရှင်များကပါ တာဝန်တစ်ရပ်အဖြစ်ခံယူပြီး နည်းလမ်းမျိုးစုံဖြင့် စပါးတိုးချဲ့ စိုက်ပျိုးလာနိုင်ခဲ့သည့်အတွက် ဖူလုံပိုလျှံလာသည်ကို တွေ့ရကြောင်း။

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုအပေါ် အခြေခံပြီး ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ ဖိဖိစီးစီးကြိုးစားပမ်းစားလုပ်ကိုင်ခဲ့ကြသဖြင့် ကချင်ပြည်နယ်သည် ဆန်လိုဒေသကနေ လွတ်မြောက်ပြီး ဆန်စပါးပိုလျှံသည့် ပြည်နယ်အဖြစ် ခိုင်မာစွာရပ်တည်နေပြီဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပြီး ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်းသည်လည်း အားရစရာဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုနှင့် ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များကို ယနေ့ ကချင်၊ ရှမ်း၊ ဗမာ၊ ဂျိန်းဖော စသည့် ကချင်ပြည်နယ်တွင် စုစည်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများ လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

အလားတူပင် ပြည်ထောင်စုကြီး၏ အခြား ပြည်နယ်၊ တိုင်းအားလုံး၌လည်း လိုအပ်သော စီးပွားရေး အခြေခံအဆောက်အအုံ၊ ပညာရေးနှင့် ကျန်းမာရေး အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှုအဆောက်အအုံစသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံများကို တစ်ပြိုင်တည်းတည်ဆောက်နိုင်ခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်နယ်၊ တိုင်းအားလုံးသည် အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ ခြုံလိုက်လျှင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရိပ်အာဝါသကောင်းကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေခံကောင်းများအပေါ်ရပ်တည်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာအသွင်ကူးပြောင်းပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများထံ စနစ်တကျပြန်လည်အပ်နှံရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်းခိုင်ခိုင်မာမာချမှတ်ပြီး စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း) ဖွင့်ပွဲ အခမ်းအနားတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကျွန်းတောတံတား(မိုးကောင်း) ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိရာတွင် စီးပွားရေးအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နယ်စပ်ဒေသများပါမကျန် ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးကို ရှေးရှုပြီး တိုတောင်းသည့် အချိန်ကာလအတွင်း လမ်း၊ တံတားများကို တည်ဆောက်ပေးနေကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုပတ်ဝန်းကျင် အနေအထားတို့ကို မြှင့်တင်ပေးနိုင်ကြောင်း လမ်းညွှန်မှုပြုထားခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းတွင် အခြေခံအကျဆုံး လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးကို စနစ်တကျစီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွက် ဤတံတားသည် ပေ ၁၈ဝနှင့်အထက် ၁၃စင်းမြောက် တံတားဖြစ်ပါကြောင်း၊ လမ်းဆိုလျှင်လည်း ၁၉၈၈ခုနှစ်က ၁၄၇၁မိုင်ရှိခဲ့ပြီး ယခုဆိုလျှင် ၁၆၂၉မိုင်ရှိလာပြီဖြစ်၍ ၁၅၈မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့်ကျွန်းတောတံတားသည် တောင်နှင့်မြောက်အလျားလိုက် ပြည်ထောင်စုလမ်းမကြီး ၃၅လမ်းထဲက တစ်ခုဖြစ်သော ရွှေဘို-မြစ်ကြီးနား လမ်းမကြီးပေါ် မိုးကောင်းမြို့အဝင် မိုင်တိုင် (၂၄၇/ဝ) ကျွန်းတောရပ်ကွက်နှင့် အိုးတန်းရပ်ကွက်ကြား၌ရှိသည့် နန့်ရင်းချောင်းပေါ်တွင်ဖြတ်ပြီး တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ မိုးကောင်းမြို့၌ပင်မြစ်ကြီးနားမြို့ဘက်အထွက် နန့်ကောင်းချောင်းပေါ်တွင် ၉၄၅ပေရှည်သည့် မိုးကောင်းတံတားကိုလည်း မနှစ်က ပြည်ထောင်စုနေ့အကြိုအဖြစ် ၁၀-၂-၂၀၀၄ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး တစ်နှစ်ကျော်အကြာ ယနေ့တွင် ကျွန်းတောတံတားကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း။

အဆင်ပြေချောမွေ့

ဤတံတားကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် မိုးကောင်းမြို့နယ်က ရပ်ကွက် ၁၀ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ စု၊ ကျေးရွာ ၇၄ရွာက ပြည်သူ တစ်သိန်းခွဲကျော်အတွက် စီးပွားရေး၊ လူမှုရေး၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒

တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို တစိုက်မတ်မတ် ဆောင်ရွက်နေ ယခင်က မမျှော်မှန်းနိုင်သည့်ဒေသများကို ယခု လွယ်လင့်တကူသွားလာနိုင်ပြီ

❐ စာမျက်နှာ ၅ မှ

ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုက်ရိုက်အကျိုးပြုသွားမည်ဖြစ်ပါကြောင်း၊ ဤနယ်ကစပါးစိုက်ဧက ခြောက်သိန်းကျော်က ထွက်ရှိမည့် ဆန်စပါးများ၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် ကြံထွက်ကုန်များကို ပြည်နယ်အတွင်းသာမကဘဲ အခြား ပြည်နယ်၊ တိုင်းများအထိပါ အပြန်အလှန် သယ်ပို့ရောင်းချနိုင်ရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ ကချင်ပြည်နယ်၏ အဖိုးတန်ထွက်ကုန်ဖြစ်သော ကျောက်စိမ်းထွက်ရှိသည့် လုံးခင်း၊ ဖားကန့်ဒေသကို သွားလာကူးသန်းရန်လည်း ယခင်ကထက်ပိုပြီး အဆင်ပြေချောမွေ့တော့မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ကွက်လပ်မကျန်

ဆက်လက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မိုးကောင်းမြို့အဝင် ကျွန်းတောတံတား ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်မှ နံပါတ်(၁) ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအချက်နှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို မျှမျှတတ ကွက်လပ်မကျန် တစ်ပြိုင်တည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ယခု ကျွန်းတောတံတား တည်ဆောက်ပေးခဲ့ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးရေးဇုန် ၂၄ဇုန် သတ်မှတ်ပြီး ပြည်နယ်နှင့်တိုင်းအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသပါမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း)ပေါ်တွင် ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☆ ရေခဲတောင်များဆီသွားသည့် လမ်းနှစ်သွယ် ပြီးစီးသွားခဲ့လျှင် ခရီးသွားဧည့်သည်များနှင့် ကချင်ပြည်နယ်တွင် စည်ကားတိုးတက်လာတော့မည်။

☆ ရောဝတီအရှေ့ဘက်ခြမ်းတွင် တရုတ်ပြည်အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းပြီး ကန်ပိုက်တီး-ဝါရှောင်လမ်းကို ကတ္တရာလမ်းအဖြစ် ဆောက်လုပ်လျက်ရှိ။

☆ မိုးမောက်-လွယ်ဂျယ်လမ်းကို ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်လျက်ရှိ။

ဤရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် ၅ ပေ၊ ၁၀ ပေ သစ်သားတံတားများကို ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးခဲ့ကြောင်း၊ ယခုလည်း ဆက်ဆောက်နေဆဲဖြစ်ကြောင်း၊ ပေ ၁၈၀ အထက်တံတားများကို တံတားအထူးအဖွဲ့များက ဆောက်လုပ်ပေးခဲ့ရာ ဤလမ်းပေါ်တွင် ယခုတံတားနှင့်ဆိုလျှင် လေးစင်းရှိသွားပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး နမ္မတီး-ကန်လှုတံတားကိုလည်း စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း။

ဤကျွန်းတောတံတားသည် ကချင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့် တိုင်းများသို့ ကုန်စည်စီးဆင်းမှုတွင် အရေးပါသော တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ ကျောက်စိမ်းနယ်မြေ ဖားကန့်၊ ခန္တီးသို့ အခြား ပြည်နယ်နှင့် တိုင်းများနှင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသတို့မှ ခရီးသည်များ သွားလာရာလမ်းပေါ်တွင်လည်း အဓိကကျသော တံတားလည်းဖြစ်ကြောင်း။

ထို့ကြောင့် ကျွန်းတောတံတားကြီးအား တည်ဆောက်ပေးပါသော နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားလုံးကို ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ပူတာအိုမှတစ်ဆင့် မချမ်းဘော-နောင်မွန်းအထိ ကားသွားနိုင်ပြီး ဂေါ်လဲထုအထိ ကားငယ်များသွားနိုင်ပါကြောင်း၊ မြန်မာပြည်၏ မြောက်ဘက်အကျဆုံးမြို့ကလေးဖြစ်သော ပန်နန်းဒင်မြို့အထိ ဆိုင်ကယ်လမ်းသွားနိုင်ရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ နောင်ဆိုလျှင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ခါကာဘိုရာဇီရေခဲတောင်သို့ သွားရာလမ်း၌ ပန်နန်းဒင်အထိ ကားငယ်များဖြင့် သွားနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် ပူတာအိုမှ အနောက်ဘက် ဖုန်ကန်ရာဇီရေခဲတောင်သို့ ဂျစ်ကားသွားနိုင်ရန် လူအား၊ စက်အားတို့ဖြင့် ဖောက်လုပ်လျက်ရှိရာ ယခုဆိုလျှင် ၁၀ မိုင်ကျော်လမ်းကြမ်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဤလမ်း၌ရှိသော မြစ်ချောင်းများကို ကြိုးတံတား ၁၁စင်း ဆောက်လုပ်လျက်ရှိရာ ယခုဆို ရှစ်စင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဤရေခဲတောင်များဆီသွားသည့် လမ်းနှစ်သွယ်ပြီးစီးသွားခဲ့လျှင် ခရီးသွားဧည့်သည်များနှင့် ကချင်ပြည်နယ်တွင် စည်ကားတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ဧရာဝတီအရှေ့ဘက်ခြမ်းတွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်စည်ဖလှယ်နိုင်အောင် တရုတ်ပြည်အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းပြီး ကန်ပိုက်တီး-ဝါရှောင်လမ်းကို ကတ္တရာလမ်းအဖြစ် ဆောက်လုပ်လျက်ရှိပြီး မိုးမောက်-လွယ်ဂျယ်လမ်းကို ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်လျက်ရှိကြောင်း၊ နှစ်နှစ်အတွင်း လုံခြုံချောမွေ့သည့် လမ်းမကြီးများပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ နောင်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယတို့နှင့် လွယ်လင့်တကူ ကုန်ချင်းဖလှယ်နိုင်တော့မည်ဖြစ်ကြောင်း။

လွယ်လင့်တကူသွားနိုင်

ယခုကဲ့သို့ လမ်းများဖောက်၊ တံတားများဆောက်လုပ်နေခြင်းသည် ပြည်နယ်နှင့်တိုင်းအသီးသီး တစ်ပြေးညီဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးလာစေရန် နိုင်ငံတော်အစိုးရကဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အများပြည်သူသိသည့်အတိုင်း နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးအဖွဲ့ ၁၇ဖွဲ့နှင့်အတူ ပူးပေါင်းပြီး တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာနယ်စပ်ဒေသဖွံ့ဖြိုးရေးကို တစိုက်မတ်မတ်ဆောင်ရွက်နေသဖြင့် ယခင်က မမျှော်မှန်းနိုင်သည့်ဒေသများကို ယခု လွယ်လင့်တကူသွားလာနိုင်ပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်ဆိုလျှင် အချိန်တိုအတွင်း နယ်စပ်ဒေသမကျန် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ဤရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ပေ ၁၈၀အထက် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❍



တံတား တည်ဆောက်ပေးသဖြင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ဒေသခံတိုင်းရင်းသား ပြည်သူများ ကိုယ်စား မိုးကောင်းမြို့နယ် အရှေ့ရပ်ကွက်မှ ဦးတင်ဌွေး ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ယနေ့ထိ လစဉ်လတိုင်း ဆည်တာတမံများ၊ မြစ်ကူးတံတားကြီးများ တစ်ခုပြီးတစ်ခု တိုးပွားပေါ်ထွန်း

❁ ရှေ့ဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကြခင်းဘိလပ်မြေစက်ရုံမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကြခင်းဘိလပ်မြေစက်ရုံ ဧည့်ခန်းမဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကြခင်းဘိလပ်မြေစက်ရုံ၏ နောက်ခံသမိုင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုစွမ်းအား၊ ကုန်ကြမ်းရရှိမှု၊ ထုံးကျောက်နှင့်သံကျောက် ထုတ်လုပ်မှုအတွက် အသုံးပြုနေသော ယာဉ်ယန္တရားများ၊ စွမ်းအင်လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီက ဘိလပ်မြေထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်နှင့် စက်ရုံ၏ စက်ယန္တရားများ အခြေအနေနှင့် ထုတ်လုပ်မှု အခြေအနေ၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်မွမ်းမံရန် လိုအပ်သော စက်အရန်ပစ္စည်းများ အခြေအနေ၊ ၂၀၀၄-၂၀၀၅ခုနှစ် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေ၊ စက်ရုံမှ ထုတ်လုပ်သော စက်အရန်ပစ္စည်းများ၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်ချက်၊ ၂၀၀၅-၂၀၀၆ခုနှစ် လစဉ် ကုန်ထုတ်လုပ်မှုနှင့် လျာထားချက်၊ အမှန်ထုတ်လုပ်နိုင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းရေးရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မှာ များစွာတိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုအချိန်မှ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကြခင်းဘိလပ်မြေစက်ရုံ ဧည့်ခန်းမဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စ၍ ကုန်ထုတ်လုပ်မှု၊ စီးပွားကုန်သွယ်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍများ တိုးတက်မြင့်မားရေးရည်မှန်းပြီး ပိုမိုအားစိုက်ကြိုးပမ်း ဆောင်ရွက်သွားရန် လမ်းညွှန်မှုပေးခဲ့ကြောင်း။

ကုန်ထုတ်စွမ်းအားတိုးတက်ရေး

ယင်းသို့ ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ရှေ့နှစ်ခန့်မှစ၍ လျှပ်စစ်ဓာတ်အား သိသိသာသာ ပိုမိုတိုးတက်ထုတ်လုပ်နိုင်တော့မှာ ဖြစ်သည်နှင့်အညီ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးအတွက် ကြိုတင်စီမံဆောင်ရွက်ကြဖို့လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပိုင်ကဏ္ဍမှ အဓိကကျသော စက်ရုံကြီးများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လေ့လာဆန်းစစ်သုံးသပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မကြာမီရက်များအတွင်းကပင် မိမိနှင့်အဖွဲ့ ကျော်စွာဓာတ်မြေသြဇာစက်ရုံသို့ ရောက်ရှိခဲ့ပြီး စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ စက်ယန္တရားများကြံ့ခိုင်မှုတိုးမြှင့်ပေးရေး၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များပြည့်မီရေးနှင့် စက်ယန္တရားများပြုပြင်ထိန်းသိမ်းရေးတွင် အခြားသော အစိုးရဌာန အဖွဲ့အစည်းများက ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ရေးတို့ကို လေ့လာညှိနှိုင်းသုံးသပ်ပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုလည်း ကြခင်းဘိလပ်မြေစက်ရုံကြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကြခင်းဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ(၂)၌ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် ကြခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ကြခင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုက မြို့နယ်၏ အခြေခံအချက်အလက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ မြေယာအသုံးချမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ နှစ်ရှည်ပင်သီးနှံစိုက်ပျိုးနိုင်မှု၊ ဒေသဆန် ၁၄၄ ရာခိုင်နှုန်း၊ ဆီ ၂၃၀ ရာခိုင်နှုန်း ဖူလုံမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတို့ကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်း ကြခင်းမြို့နယ်အတွင်းရှိ ကွန်ချောင်း ရေလှောင်တမံ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြခင်းဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းကြိတ်စက်၊ ကုန်ချောကြိတ်စက်တို့တွင် အသုံးပြုသည့် စက်အစိတ်အပိုင်းများ၊ ကြခင်းဘိလပ်မြေစက်ရုံက တီထွင်ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန် မိမိနှင့်အဖွဲ့ လာရောက်ရင်း ကြခင်းဘိလပ်မြေစက်ရုံ စက်စွမ်းအားပြည့် ကုန်ထုတ်လုပ်နိုင်ရေးနှင့် ကြခင်းမြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် ယခုကဲ့သို့ စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ပိုင် အကြီးစားစက်ရုံကြီးများ စက်စွမ်းအားပြည့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတစ်ရုံချင်းအလိုက် ကြိုးစားလုပ်ဆောင်နေကြရာ၌ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် တာဝန်ယူ ကြိုးပမ်းလုပ်ဆောင်နေသည်ထက် ဆက်စပ်ဆက်နွှယ်သည့် နိုင်ငံတော်အစိုးရ၊ ဌာနအဖွဲ့အစည်းများက ပေါင်းစည်းအားဖြည့် ကူညီဆောင်ရွက်သည့်နည်းလမ်းဖြင့် ပူးပေါင်းအားထုတ်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ရည်မှန်းချက်ရှိရှိဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် **အမျိုးသားရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ရည်မှန်းချက်ရှိရှိ ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေ** သည့်အပြင် ယနေ့အထိ လစဉ်လတိုင်း ဆည် တာတမံများ၊ မြစ်ကူးတံတားကြီးများ တစ်ခုပြီးတစ်ခု တိုးပွားပေါ်ထွန်းလာနေသည်ကို တွေ့မြင်နိုင်ကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

စာမျက်နှာ ၇ မှ

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒနှင့် လုပ်ငန်းစဉ်များနှင့်အညီ ဌာနအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအများက ပါဝင်ပူးပေါင်းအားထုတ်ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ နိုင်ငံတော်ကြီး တိုးတက်ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းက ပြည်ထောင်စုမပြိုကွဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည် ခိုင်မြဲရေးဆိုသည့် **ဒို့တာဝန်အရေး သုံးပါးကိုခံယူပြီး အမျိုးသားရေး ည်ချက် (၁၂)ရပ်နှင့်အညီ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်မှုများကြောင့် တော်ကြီး တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာနေချိန်တွင် အဖျက်အမှောင့် များက ဒို့တာဝန်အရေးသုံးပါးကို ဆန့်ကျင်လျက် နိုင်ငံတော် ပျက်စီးရာ ကြောင်း ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေ**ကြသည်လည်းရှိကြောင်း။

ယင်းသို့ **နိုင်ငံတော် စည်းလုံးညီညွတ်ရေး ပြိုကွဲစေရန် ရည်ရွယ်လျက် နည်းအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် တစ်မျိုးပြီးတစ်မျိုး ဖန်တီးလုပ် နေသည့် အဖျက်အမှောင့်သမားများ၏အန္တရာယ်ကို ပြည်သူများအားလုံး ည်သူ့သဘောထား(၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်**သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် လက်တွဲကြိုးပမ်းဆောင်ရွက် ဖြင့် ယခုအခြေအနေသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

ဆွေးနွေးညှိနှိုင်းပုံဖော်

ယခုအချိန်တွင် နိုင်ငံတော်ကို ဒီမိုကရေစီစနစ်သို့ ညင်သာစွာကူးပြောင်း ရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးသော တိုင်းရင်းသား အစည်းများ အပါအဝင်တိုင်းရင်းသားပြည်သူများအားလုံးနှင့် အနာဂတ် တော်အတွက် ဆွေးနွေးညှိနှိုင်းပုံဖော်လျက်ရှိကြောင်း။

လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ ထုံးကျောက်သိုက်တွင် ပေ ၃၀၀အထက် ထုံးကျောက်တန်ချိန် ၄၉သန်း၊ Ground Levelပေ ၁၁၀ မှ ပေ ၃၀၀အထိ ထုံးကျောက်တန်ချိန် ၄၁သန်းခန့်ရှိရာ ကြခင်းဘိလပ်မြေစက်ရုံက ၁၉၇၅-၇၆ခုနှစ်မှ ယနေ့အထိ ထုံးကျောက် ၁၀ဒသမ၂သန်းထုတ်လုပ်ပြီးဖြစ်ရာ စုစုပေါင်းထုံးကျောက်တန်ချိန် သန်း ၈၀ခန့် ကျန်ရှိသေး၍ နှစ်ပေါင်း ၁၄၇နှစ်ခန့် ဆက်လက်ထုတ်ယူ အသုံးပြုနိုင်သေးကြောင်း သိရသည်။

ထို့အပြင်ကြခင်းထုံးကျောက်တောင်၏ တောင်ဘက်နှစ်မိုင်ခန့်အကွာတွင် နတ်မီးတောင်ထုံးကျောက်သိုက်သည် ထုံးကျောက်တန်ချိန် ၁၁သန်းခန့်ရှိပြီး စက်ရုံ၏ အရန်ထုံးကျောက်သိုက်အဖြစ်ထားရှိကြောင်း သိရသည်။

မြစ်ဖြတ်ပိုက်လိုင်းစစ်ဆေး

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ဆိပ်သာရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြည်-ဆိပ်သာ ဧရာဝတီ မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်မှုအခြေအနေကို ရောက်ရှိစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တစ်နိုင်ငံလုံးရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားမှု၊ ပြည်-ဆိပ်သာ ဧရာဝတီမြစ်ဖြတ်ပိုက်လိုင်းများ သွယ်တန်းထားမှုနှင့် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

နိုင်ငံ့ဝန်ထမ်း... ပြည်သူများနှ...

မြန်အောင်မြို့နယ် ငါးပိဆိပ်ကျေးရွ... စီမံကိန်းသို့ရောက်ရှိကြရာ တာဝန်ရှိ...

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်... အမြစ်အသုံးချရေး ဦးစီးဌာန ညွှန်... လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ ... မြန်အောင်မြို့နယ်ရှိ ငါးပိဆိပ်နှင့် ... ဟသ်ာတမြို့နယ်ရှိ မြို့ကွင်းလျှပ်စစ် မြ... ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့... ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းမှူး ... တင်ပြကြသည်။ ယင်းနောက် နိုင်ငံ... ဖြည့်စွက် မှာကြားပြီး ငါးပိဆိပ်လျှပ်စစ်... အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး...

ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီ... နွေစပါး ၁၀၁၉၈ဧက၊ ပဲမျိုးစုံဧက ၂... သီးနှံစုစုပေါင်းစိုက်ဧက ၂၁၀၀၀ ... မိုးစပါးဧက ၇၀၀၀အပေါ်တွင် နွေ... လျှပ်စစ်မြစ်ရေတင်မှ ရရှိသောရေဖြ... တစ်နှစ်လျှင် သီးနှံသုံးကြိမ် စိုက်ပျိုး...

ဝန်ထမ်း...

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်... မြို့နယ် ဟသ်ာတ-မြို့ကွင်း-ကွင်း... တံတား (မြို့ကွင်း) တည်ဆောက်ရေး... တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ကြခင်းဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ(၂)၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဟသ်ာတခရိုင်နှင့် ကြခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

...နိုင်ငံတော်ကို ဒီမိုကရေစီစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် ...တိုင်းရင်းသားပြည်သူများအားလုံးနှင့် အနာဂတ်နိုင်ငံတော်အတွက် ဆွေးနွေးညှိနှိုင်းပုံဖော်လျက်ရှိ

အနာဂတ်ကာလတွင် ဒီမိုကရေစီလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်း ရန် ကျေးလက်နေ ပြည်သူများအပါအဝင်ပြည်သူတစ်ရပ်လုံး ပညာရေး ခံ မြင့်မားစေရအောင်၊ အသက်ရှည်ကျန်းမာပြီး လူနေမှု အဆင့်အတန်း းစေရအောင် နိုင်ငံတော်အစိုးရက စီမံကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း။

ပြည်သူ့အကျိုးဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် င်ရွက်ကြရသော နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာနှင့်မြို့နယ် ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း နိုင်ငံတော်အစိုးရ၏ မ်းဆောင်ရွက်မှုများ၊ ကောင်းမြတ်သည့်ရည်မှန်းချက်များနှင့် လိုက်လျော ညီစွာ ပြည်သူများနှင့် အတူတကွ နေထိုင်ကျင့်ကြံရင်း ရပ်ကျိုးရွာကျိုး သူ့အကျိုးဆောင်ရွက်ကြဖို့လိုကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူများတစ်သားတည်းဖြစ်ပြီး တော်အစိုးရ၏ ရည်မှန်းချက်များကို မှန်ကန်စွာကြိုးပမ်း အကောင်အထည် ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအဆင့်အတန်းမြင့်မားသော လူ့အဖွဲ့အစည်း ပ်ဖြစ်ထွန်းလာမှာဖြစ်သလို ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် လိုက်ဖက် ာ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ တိုးတက်ပြောင်းလဲနေသော ခေတ်စနစ်နှင့် အမီလိုက်ပါပြီး ာတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး အခမ်းအနားကို မ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိလပ်မြေ လုပ်ရာတွင် အဓိက ကုန်ကြမ်းတစ်ခုဖြစ်သည့် ထုံးကျောက်များကို မှငါးမိုင်ခွဲခန့် ကွာဝေးသည့် ထုံးကျောက်တောင်မှ စက်ယန္တရားကြီးများ ထုတ်လုပ်နေမှုကို လည်းကောင်း၊ တစ်နာရီလျှင် တန် ၃၀၀ကြိတ်ဝါး ည့် Gyratory Crusher အမျိုးအစားကျောက်ခွဲစက်အသစ်၏ ကျောက်များ ကြိတ်ခွဲနေမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဧရာဝတီတိုင်းအတွင်းရှိ မြန်အောင်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကြခင်းဘိလပ်မြေစက်ရုံနှင့် ဆိပ်သာ မက်သနောစက်ရုံတို့၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို ပြည်ရေနံမြေမှ တစ်ဆင့် ဖြန့်ဖြူးပေးရန် ရည်ရွယ်လျက် ပြည်-ဆိပ်သာ ဧရာဝတီ မြစ်ဖြတ် ပိုက်လိုင်းကို ဆက်သွယ်ထားခြင်းဖြစ်သည်။

ငါးပိဆိပ်မြစ်ရေတင်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဟသ်ာတခရိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပြည်-ဆိပ်သာ ဧရာဝတီမြစ်ဖြတ်ပိုက်လိုင်းများ သွယ်တန်းထားမှုနှင့် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီ...

မိုးစပါးဧက ၇၀၀၀၊ နွေစပါး ၁၀၁၉၈ဧက၊ ပဲမျိ... သီးနှံ ၈၄၂ဧကအပါအဝင် သီးနှံစုစုပေါင်းစိုက်ဧက ... မူရင်း မိုးစပါးဧက ၇၀၀၀အပေါ်တွင် နွေစပါး၊ ပဲမျိ... လျှပ်စစ်မြစ်ရေတင်မှ ရရှိသောရေဖြင့် နှစ်ကြိမ် ထပ်... တစ်နှစ်လျှင် သီးနှံသုံးကြိမ် စိုက်ပျိုးသွားနိုင်မည်...

မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံ...

မူရင်းမိုးစပါးဧက ၉၀၀၀အပြင် ပထမသီးထ... သီးနှံဧက ၉၀၀၀၊ ဒုတိယ သီးထပ် နွေစပါးဧက ၉... သုံးကြိမ် စုစုပေါင်းဧက ၂၇၀၀၀စိုက်ပျိုးသွားနိုင်...

ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီ...

မူရင်းမိုးစပါးဧက၅၀၀၀အပြင်ပထမသီးထပ်အ... ၅၀၀၀နှင့် ဒုတိယသီးထပ် အဖြစ် စပါး၊ နှမ်း ဧက ၅... သုံးကြိမ် စုစုပေါင်းဧက ၁၅၀၀၀ စိုက်ပျိုးသွားနိုင်...

နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပြည်သူများနှင့်အတူတကွ နေထိုင်ကျင့်ကြံရင်း ရပ်ကျိုးရွာကျိုး ပြည်သူ့အကျိုး ဆောင်ရွက်ကြဖို့လို

န်အောင်မြို့နယ် ငါးပိဆိပ်ကျေးရွာအနီးရှိ ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင် မံကိန်းသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်း မြစ်အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ငါးပိဆိပ် ျပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များ ဧရာဝတီတိုင်း န်အောင်မြို့နယ်ရှိ ငါးပိဆိပ်နှင့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ သာ်တမြို့နယ်ရှိ မြို့ကွင်းလျှပ်စစ် မြစ်ရေတင်စီမံကိန်း၊ ကျောင်းကုန်းမြို့နယ်ရှိ ါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ န်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ဖြည့်စွက်ရှင်းလင်း ာင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ည့်စွက် မှာကြားပြီး ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်ဆောက်ပြီးစီးမှု ခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးပါက မိုးစပါးဧက ၇၀၀၀၊ နွေစပါး ၁၀၁၉၈ဧက၊ ပဲမျိုးစုံဧက ၂၉၆၀၊ ဆီထွက်သီးနှံ ၈၄၂ဧကအပါအဝင် ီးနှံစုစုပေါင်းစိုက်ဧက ၂၁၀၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် မူရင်း းစပါးဧက ၇၀၀၀အပေါ်တွင် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို ျပ်စစ်မြစ်ရေတင်မှ ရရှိသောရေဖြင့် နှစ်ကြိမ် ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်ရာ ာစ်နှစ်လျှင် သီးနှံသုံးကြိမ် စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဝန်တံတား(မြို့ကွင်း)

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟသ်ာတ ို့နယ် ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ ဝေန်မြစ်ဖြတ် ဝေန် ံတား (မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ ာဝန်ရှိသူများက ကြိုဆိုကြသည်။

ပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

နွေစပါး ၁၀၁၉၈ဧက၊ ပဲမျိုးစုံဧက ၂၉၆၀၊ ဆီထွက် သီးနှံစုစုပေါင်းစိုက်ဧက ၂၁၀၀၀ စိုက်ပျိုးနိုင်မည်။ အပေါ်တွင် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို သောရေဖြင့် နှစ်ကြိမ် ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်ရာ မ် စိုက်ပျိုးသွားနိုင်မည်။

းလျှပ်စစ်မြစ်ရေတင်စီမံကိန်း

၀၀အပြင် ပထမသီးထပ် ပဲမျိုးစုံနှင့် ဆီထွက် သီးထပ် နွေစပါးဧက ၉၀၀၀ တစ်နှစ်လျှင် သီးနှံ ၇၀၀၀စိုက်ပျိုးသွားနိုင်မည်။

ခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်း

၀အပြင် ပထမသီးထပ်အဖြစ် ပဲမျိုးစုံနှင့် စပါးဧက အဖြစ် စပါး၊ နှမ်း ဧက ၅၀၀၀ တစ်နှစ်လျှင် သီးနှံ ၅၀၀၀ စိုက်ပျိုးသွားနိုင်မည်။

မမြရေလှောင်တမံ ရေပို့လွှဲလုပ်ငန်း စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင် မြန်အောင်မြို့နယ် မျှင်ဝါးတော ကျေးရွာအနီး လယ်ယာစိုက်ပျိ ရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာ ဆည်မြောင်းဦးစီးဌာန တည် ဆောက်ရေး(၉)က တည်ဆောက် လျက်ရှိသော မမြရေလှောင်တမံ စီမံကိန်းတွင် အလျားပေ ၁၂၈ဝ အကျယ်ပေ ၁၅၀ရှိ ရေပို့လွှဲလုပ်ငန် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်



ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဧရာဝတီတိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဝင် တံတားကြီးများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်က ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအွန်ဇပါက တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် လိုအပ်ချက်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ စက်ယန္တရားဖြင့် ဘိုးပိုင်တူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝေန်တံတား (မြို့ကွင်း)မှာ အရှည်ပေ ၂၈၀၀၊ အကျယ် ၃၄ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိမည်ဖြစ်ပြီး ခွင့်ပြုတန်အလေးချိန်မှာ တန် ၆၀ ခံနိုင်ရည်ရှိမည့် သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။

မြို့ကွင်းလျှပ်စစ်မြစ်ရေတင်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်၏အနောက်မြောက်ဘက် မိုင် ၂၀အကွာရှိ ဝေန်မြစ် အရှေ့ဘက်ကမ်းတွင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဧက ၉၀၀၀ အကျုံးဝင်မည့် မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတို့က လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးနိုင်မည့် အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြို့ကွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးသွားပါက မူရင်းမိုးစပါးဧက ၉၀၀၀အပြင် ပထမသီးထပ် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဧက ၉၀၀၀၊ ဒုတိယသီးထပ် နွေစပါးဧက ၉၀၀၀ တစ်နှစ်လျှင် သီးနှံသုံးကြိမ် စုစုပေါင်းဧက ၂၇၀၀၀စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟသ်ာတခရိုင် မြန်အောင်မြို့နယ်တောင်ဘက်ခြောက်မိုင်ကွာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ စိုက်ပျိုးမြေဧက ၅၀၀၀အကျုံးဝင်မည့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီး အား စီမံကိန်းရှင်းလင်းဆော ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှ ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံက ဆိုင်ရာ အချက်အလက်တို့ စပ်လျဉ်း၍ ရှင်းလင်းတင်ပြသ

ဆက်လက်၍ ဝန်ကြီး ဗိုလ် ဌေးဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့်အ စိုက်ပျိုးစွမ်းအား မြင့်မားလာ အတွက် ဆောင်ရွက်မည့် အစီအမံ ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလ တင်ပြကြသည်။

သီးထပ်စိုက်ပျိုး

ယင်းနောက် နိုင်ငံတော်ဝန်ကြီး က ဒေသခံတောင်သူလယ်သမား အား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ တောင်သူလယ်သမားများ၏ လူ ဘဝပိုမိုမြင့်မားလာစေရေးနှင့်စပ်လ ၍ နိုင်ငံတော်က အစီအမံ ထားရှိ ဆောင်ရွက်ပေးနေမှုတို

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံ စီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သီးထပ်စိုက်ပျိုးစွမ်းအား တိုးပွားအောင် စက်ယန္တရားများအသုံးပြုဆောင်ရွက် တာဝန်ရှိသူများကလည်း ပေါင်းစပ်ညှိနှိုင်း ကူညီပံ့ပိုး

✪ စာမျက်နှာ ၉မှအဆက်

ရှင်းလင်းပြောကြားပြီးနောက် ဒေသအတွင်း ငါးပိဆိပ်မြစ်ရေတင်စီမံကိန်း၊ ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်း၊ မြို့ကွင်းမြစ်ရေတင်စီမံကိန်း၊ မြစ်ကျိုးမြစ်ရေတင်စီမံကိန်းနှင့် ကွန်ချောင်း၊ မမြချောင်း၊ ကညင်ချောင်း၊ နန်ကသူဆည်တမံစီမံကိန်းတို့ကြောင့် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာမည့် တစ်နှစ်ပတ်လုံးစိုက်ပျိုးဖြစ်ထွန်းသော မြေဧရိယာဧကတစ်သိန်းအထိ ရေပေးနိုင်မည်ဖြစ်ရာ ဒေသခံတောင်သူလယ်သမားများကလည်း တစ်ဦးချင်း စီးပွားတိုးတက်အောင်၊ လူနေမှုအဆင့်မြင့်မားလာအောင် နိုင်ငံတော်၏အားပေးနေခြင်းနှင့် လိုက်လျောညီစွာကြိုးစားအားထုတ်ကြစေလိုကြောင်း၊ သီးထပ်စိုက်ပျိုးစွမ်းအား တိုးပွားအောင် စက်ယန္တရားများအသုံးပြု ဆောက်ရွက်ကြဖို့လိုအပ်ကြောင်း၊ တာဝန်ရှိသူများကလည်း ပေါင်းစပ်ညှိနှိုင်းပေး၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးသွားပါက မူရင်းမိုးစပါးဧက ၅၀၀၀အပြင် ပထမသီးထပ်အဖြစ် ပဲမျိုးစုံနှင့် စပါးဧက ၅၀၀၀နှင့် ဒုတိယသီးထပ်အဖြစ် စပါး၊ နှမ်းဧက ၅၀၀၀ တစ်နှစ်လျှင် သီးနှံသုံးကြိမ် စုစုပေါင်းဧက ၁၅၀၀၀ စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ကြခင်းဘိလပ်မြေစက်ရုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် နွေစပါးဖြစ်ထွန်း အောင်မြင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ကြခင်းဘိလပ်မြေစက်ရုံသို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြခင်းဘိလပ်မြေစက်ရုံအတွင်း လှည့်လည်ပြီး ကြခင်းဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းကြိတ်စက်တွင် အသုံးပြုသည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ အသုံးပြုပြီးသံဘောစေ့များ၊ ကုန်ချောကြိတ်စက်တွင် အသုံးပြုသည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ကြခင်းဘိလပ်မြေစက်ရုံက တီထွင်ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြခင်းဘိလပ်မြေစက်ရုံ ကုန်ကြမ်းကြိတ်စက် အမှတ်(၂)၊ ကုန်ချောကြိတ်စက် အမှတ်(၂)နှင့် အမှတ်(၃) တို့ကိုလည်းကောင်း၊ မီးသင်းဖိုတွင် တပ်ဆင်မည့် ရိုးရိုးချိန်းကြိုးနှင့် အပူဒဏ်ခံချိန်းကြိုးများ၊ မီးခံအုတ်များ၊ Chain Holder ဟောင်းများ၊ မီးသင်းကျောက်များကို ကြိတ်ခွဲသည့်တူဆံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ကြခင်းဘိလပ်မြေစက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နှစ်လျှင် စက်လည်ပတ်ရက် ၃၀၀၊ တစ်ရက်လျှင် ရှစ်နာရီ၊ အဆိုင်းသုံးဆိုင်း၊ ၂၄နာရီဖြင့် သတ်မှတ်စက်စွမ်းအား တစ်နှစ်လျှင် ဘိလပ်မြေ တန် ၃၆၄၈၀၀ ထုတ်လုပ်နိုင်သည်။ ၂၀၀၅-၂၀၀၆ ကုန်ထုတ်လုပ်မှုလျာထားချက် ဘိလပ်မြေတန် ၃၆၀၀၀၀ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မမြရေလှောင်တမံ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော မမြရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဧရာဝတီတိုင်းအတွင်း တည်ဆောက်လျက်ရှိသည့် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ တည်ဆောက်ထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မမြရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မတမံ၊ ရေထိန်းမြောင်းစင်၊ ရေပိုလွှဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်းအတွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံနှင့် ရေထိန်းတံခါး စီမံကိန်းများဖြင့် သီးနှံစိုက်စွမ်းအား တိုးမြှင့်ဆောင်ရွက်လာနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☸**

- **ဒေသအတွင်း ငါးပိဆိပ်မြစ်ရေတင်စီမံကိန်း၊ ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်း၊ မြို့ကွင်းမြစ်ရေတင်စီမံကိန်း၊ မြစ်ကျိုးမြစ်ရေတင် စီမံကိန်းနှင့် ကွန်ချောင်း၊ မမြချောင်း၊ ကညင်ချောင်း၊ နန်ကသူဆည်တမံစီမံကိန်းတို့ကြောင့် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာမည့် တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းသောမြေဧရိယာဧကတစ်သိန်းအထိ ရေပေးနိုင်မည်ဖြစ်။**
- **ဒေသခံ တောင်သူလယ်သမားများကလည်း တစ်ဦးချင်း စီးပွားတိုးတက်အောင်၊ လူနေမှု အဆင့်မြင့်မားလာအောင် နိုင်ငံတော်၏အားပေးနေခြင်းနှင့် လိုက်လျောညီစွာ ကြိုးစားအားထုတ်ကြစေလို။**

တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး ကြခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ဟင်္သာတခရိုင် ကြခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်စီမံကိန်းကြီးများ အကောင်အထည်ဖော်ရာတွင် လေလွင့်မှုမရှိရေး၊ ငွေကြေးနှင့် စက်သုံးဆီကအစ ခြိုးခြံချွေတာ

※ စာမျက်နှာ ၁၀မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မမြရေလှောင်တမံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ရှုရပ်မှတစ်ဆင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှု၊ ပင်မတမံမြေကြီးလုပ်ငန်းကို စက်ယန္တရားများဖြင့်ဆောင်ရွက်နေမှု၊ အလျားပေ ၁၂၈၀၊ အကျယ်ပေ ၁၅၀ရှိ ရေပိုလွှဲလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မမြရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၁၁၈၀၀၊ တမံအမြင့်ပေ ၁၅၀ရှိမည်ဖြစ်ပြီး ဧက ၁၀၀၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၄၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ကညင်ရေလှောင်တမံ

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကညင်ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဆည်မြောင်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်က တည်ဆောက်ရေးလုပ်ငန်းများအနက် မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဆည်မြောင်းတာတမံ စီမံကိန်းများဖြင့် ဧရာဝတီတိုင်းအတွင်း မိုးစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်မည့် ရှေ့အလားအလာတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီးနောက် စီမံကိန်းတာဝန်ရှိသူများ၊ ဝန်ထမ်းများအား မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း။

တိုင်းပြည်နှင့် ပြည်သူ့အကျိုးဖြစ်ထွန်းစေလိုသည့် ဆန္ဒသက်သက်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ငွေကြေးအမြောက်အမြား ကျခံဆောင်ရွက်ပေးနေရာ နိုင်ငံတော်စီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မကုန်သင့်သည်ကိုမကုန်စေရအောင် လေလွင့်မှု၊ယိုဖိတ်မှုမရှိစေရေး ဘဏ္ဍာငွေကြေးနှင့် စက်သုံးဆီကအစ ခြိုးခြံချွေတာရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်ကြဖို့မှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ထမ်းများအနေဖြင့် ဝေးလံခက်ခဲသည့် အရပ်ဒေသများ၌ ပင်ပန်းဆင်းရဲခံကာ တာဝန်များကျေပွန်စွာထမ်းဆောင်နေရသည်ကို သိရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် စိတ်ထားမြင့်မြတ်မှုအပေါ်လည်း တစ်ဖက်ကအားပြုနေရကြောင်း။

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ရသည့် ကောင်းမြတ်သော လုပ်ငန်းရပ်များအပေါ် ဝမ်းသာဂုဏ်ယူပြီး လုပ်ငန်းများ အလေအလွင့်မရှိ ပြီးမြောက်အောင်မြင်စေရအောင် တာဝန်သိစိတ်ဖြင့် စိတ်ထားမြင့်မြင့်မြတ်မြတ်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ကညင်ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး ပင်မတမံ အလျားပေ ၃၇၅၀၊ ကုန်းကျောတမံ အလျားပေ ၂၈၅၀ နှင့် တမံအမြင့် ၁၉၄ပေရှိမည်ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧက ပေ ၁၄၈၀၀၀ ရှိပြီး ဧက ၂၅၀၀၀ကို ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဧပြီ ၂၆ရက် ညပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ဟင်္သာတခရိုင် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များအားတွေ့ဆုံ၍ အသင်းကြီး၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် စည်းရုံးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတွင် အသင်းဝင်များက တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၆ရက် ည ၈နာရီခွဲတွင် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ

ရေးဦးစီးဌာနရုံးသို့ရောက်ရှိရာ ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း အားလုံးပြီးစီးအောင်တည်ထောင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိရာ မိမိတို့မြို့နယ်အလိုက် ကျေးရွာများအားလုံး သတ်မှတ်ကာလအတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်နိုင်ရေးအတွက် ပညာပေးစည်းရုံးခြင်း၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်းခြင်းများ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ကြရန်၊ မိမိမြို့နယ်များအတွင်းတည်ထောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာတမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ ကျေးလက်နေပြည်သူများ စာဖတ်သည့်အလေ့အထရရှိလာအောင် စည်းရုံးဆောင်ရွက်ရေး၊ စာအုပ်စာတမ်းအသစ်များ အစဉ်တိုးတက် ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် စာဖတ်သူဦးရေ တစ်နေ့တခြား ပိုမိုတိုးပွားလာရေးတို့အတွက် ဝန်ထမ်းအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စည်းကမ်းစနစ်တကျဖြင့် တိုးတက်ခိုင်မာသည့် စာကြည့်တိုက်များအဖြစ် ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေရရှိရန် စာအုပ်ငှားရမ်းခများကို သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများ၏ ညှိနှိုင်းသတ်မှတ်သော သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းရေးဆောင်ရွက်ကြရန်၊ နံရံကပ်စာစောင်များတွင် ပြည်သူများ ဗဟုသုတရဖွယ်များ၊ သတင်းအချက်အလက်များ ဝေဝေဆာဆာဖြင့် အမြဲတစေလဲလှယ်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်း၊ အိမ်တိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများ ပိုမိုပြန့်ပွားစေရေးစည်းရုံးဆောင်ရွက်ရန်တို့ကို မှာကြားသည်။

(သတင်းစဉ်)

စိတ်ထား မြင့်မြင့်မြတ်မြတ်ထား

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ရသည့် ကောင်းမြတ်သော လုပ်ငန်းရပ်များအပေါ် ဝမ်းသာဂုဏ်ယူပြီး လုပ်ငန်းများ အလေအလွင့်မရှိ ပြီးမြောက်အောင်မြင်စေရအောင် တာဝန်သိစိတ်ဖြင့် စိတ်ထားမြင့်မြင့်မြတ်မြတ်ထားပြီး ကြိုးပမ်းဆောင်ရွက်။

❍ စာမျက်နှာ ၆ မှ

တံတားများကို အခိုင်အမာတံတားအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီလိုဆောင်ရွက်ပေးခဲ့သဖြင့် နယ်စပ်ဒေသမကျန် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လျှပ်စစ်ရရှိရေးများလည်း တိုးတက်လာခြင်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေစိုးမိုးနိုင်ရေးတို့လည်း အချိန်နှင့်တစ်ပြေးညီတစိုက်မတ်မတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အမျှ တိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနေပြီဖြစ်၍ စည်းလုံးညီညွတ်စွာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်တံ့ခိုင်မြဲနိုင်အောင် နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ပူးပေါင်းကူညီဆောင်ရွက်သွားကြပါ၊ ဤတံတားကြီး ခိုင်ခံ့တည်မြဲရေးကိုလည်း ပြည်သူများက စောင့်ရှောက်ထိန်းသိမ်းကြပါ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ အတူလက်တွဲလျှောက်လှမ်း၊ တည်ဆောက်သွားကြပါစို့ဟုတိုက်တွန်းပြောကြားသည်။

ထို့နောက် တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိကြောင်း ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား မိုးကောင်းမြို့နယ် အရှေ့ရပ်ကွက်မှ ဦးတင်ဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် တံတားထိပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ကျွန်းတောတံတား (မိုးကောင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ဒေသခံတိုင်းရင်းသားများ၊ တံတားတည်ဆောက်ရေး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျွန်းတောတံတား (မိုးကောင်း)၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ရှေ့တွင်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျွန်းတောတံတား(မိုးကောင်း)ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများအားရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သော ကျွန်းတောတံတား(မိုးကောင်း)သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့ မန္တလေး - ရွှေဘို - မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၂၄၇/၀)ရှိ နန့်ရင်းချောင်းကို ဖြတ်ကျော် တည်ဆောက်ထားပြီး အရှည် ၃၆၆ပေ၊ အကျယ် ၂၆ပေကျယ်သည့် သံကူကွန်ကရစ်အမျိုးအစား နှစ်လမ်းသွားတံတားဖြစ်သည်။

တံတားနှစ်ဖက်တွင် လေးပေစီကျယ်သော လူသွားလမ်းများပါရှိပြီး တံတား၏ ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ၁၀၀နှင့် အမြင့်ခုနစ်ပေရှိသည်။ တံတား၏ခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၄-၂၀၀၅

ပြင်ဦးလွင်

၁ ဒသမ ၈၅ လက်မ

တောင်ကြီး

၁ ဒသမ ၈၁ လက်မ

ကျောက်ဆည်

၁ ဒသမ ၅၀ လက်မ

လားရှိုး

၁ ဒသမ ၂၁ လက်မ

ထူးခြားသည့် နေ့အပူချိန်များ

၂၈-၄-၂၀၀၅

(မင်းဘူး၊ မကွေးနှင့်အောင်လံ)

၄၂ ဒီဂရီ စင်တီဂရိတ်

(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ပခုက္ကူတက္ကသိုလ် ပင်မဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့ ရေပေးဝေရေးလုပ်ငန်းနှင့် ပခုက္ကူတက္ကသိုလ်(ပင်မဆောင်) ဆောက်လုပ်မှုလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမ၌ ပခုက္ကူခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စပါးတိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသောင်းအေးက ပခုက္ကူခရိုင်၏ စပါးတိုးချဲ့စိုက်ပျိုးနိုင်မှုဆည်နှင့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများကြောင့် စပါးတိုးချဲ့စိုက်ပျိုးနိုင်မှု၊ ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေးအတွက် ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပခုက္ကူခရိုင် ကျေးလက်အဆင့် ဆည်၂၄ ခုတွင် စပါးတိုးချဲ့ စိုက်ပျိုးနိုင်မှု၊ ဒေသဆန်ဖူလုံရေးဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုစီမံဆောင်ရွက်ကြရန် လိုကြောင်း၊ ဆည်ငယ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ပြီး စပါးတိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်နယ်အတွင်း သစ်ပင်များ စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့နယ် အပူပိုင်းဒေသ ကုန်းစောင်းမြေစိုက်ခင်းနှင့် ရေတင်စက်၊ ရေသိုလှောင်ကန်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ပခုက္ကူမြို့ ဆုကြီးပန်တောင်ပေါ်ရှိ မြို့ရေပေးရေးစီမံကိန်း ရေလှောင်ကန်အမှတ်(၁)သို့ ရောက်ရှိကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပခုက္ကူမြို့ ရေပေးဝေရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မုန်စီတောင်နှင့် နှစ်ကျိပ်ရှစ်ဆူတောင်၌ ရေပေးကန်များ တည်ဆောက်ပြီး ရေပေးဝေရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆုကြီးပန်တောင်ပေါ်၌ ရေကန် ထပ်မံတည်ဆောက်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်းဖြင့် ရေပိုမိုပေးဝေရေး ဆောင်ရွက်ရန်မှာကြားသည်။

ထိုမှတစ်ဆင့် ပခုက္ကူတက္ကသိုလ် (ပင်မဆောင်) ဆောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားလျက်ရှိမှုကိုလည်းကောင်း၊ စီမံကိန်းမန်နေဂျာ ဦးယုတင့်က ပခုက္ကူတက္ကသိုလ် (ပင်မဆောင်) ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပခုက္ကူတက္ကသိုလ်(ပင်မဆောင်) ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပခုက္ကူမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ မြကန်သာအပန်းဖြေဥယျာဉ်သို့ ရောက်ရှိစစ်ဆေးကာ ပန်းခြံသာယာစိုပြည်ရေး ပိုမိုပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သီဟိုဠ်ရှင်ဘုရားသို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ၂၄ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဧပြီ၂၄ရက် နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်နယ် ရဲတံခွန်ခန်းမ၌ အရာရှိစစ်သည်များနှင့် မိသားစုများနှင့် တွေ့ဆုံ၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်တွင် ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးများ မှာကြားကာ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ဌာနတွင်းအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားစဉ်။

(လဝက)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်ချီချစ်သူဆီ
၅:၀၀ ၈။ **(က)ဒုတိယနှစ်အင်္ဂလိပ်စာ Structure Study II°° (တတိယနှစ်-ပထဝီဝင်) Mountains and Rivers of economic acitivity**
၅:၃၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း-၄၄)**
၆:၄၅ ၁၅။ **လျှပ်တပြက်ရိုက်ချက်**
၇:၀၀ ၁၆။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၃၆)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သူရဲကောင်းများထွန်းကားသည်" (အပိုင်း-၃) (ဇာတ်သိမ်း)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဌာနတွင်းအရာရှိများ မွမ်းမံသင်တန်း အမှတ်(၁၀) သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနတွင်းအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့် ညွှန်ကြားရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းသို့ ဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်/တိုင်းအသီးသီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တောင်ကြီးမြို့နှင့် ပင်လုံမြို့ တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် ပင်လုံမြို့သို့ ရောက်ရှိပြီး ပင်လုံမြို့၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ဆောက်နေမှုနှင့် ပင်လုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံပုံတူမဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးတင့်လွင်က စေတီတော်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်တင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က စေတီတော်ပရိဝုဏ်အတွင်း ဇောခိုဉ်ပင်များ၊ လုမ္ဗိနီအင်ကြင်းပင်များ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ စေတီတော် တည်ဆောက်ရေးအတွက် လှူဒါန်းငွေကျပ် သိန်း ၁၈၀ ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆွေးနွေးမှာကြားပြီး စေတီတော်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် ပင်လုံမြို့သို့ ရောက်ရှိကြပြီး မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ရှေးဦးစွာ ပင်လုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်က ပင်လုံမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးစိန်သင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပင်လုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် အဓိက သီးနှံကြီး ၁၀ မျိုးနှင့် ဒေသတွင်း ဖြစ်ထွန်းသီးနှံအမျိုး ၃၀ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ပင်လုံမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့သို့ ငွေကျပ်တစ်သိန်းစီကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ကိုလိုနီနယ်ချဲ့ အမွေဆိုး မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ် ဆန့်ကျင်တိုက်ဖျက်

ရန်ကုန် ဧပြီ ၂၈

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းသူနှင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဆန်းဦးတို့ လိုက်ပါလျက် ဧပြီ ၂၄ရက် နံနက်ပိုင်းတွင် မူးယစ်အထူးအဖွဲ့(တာချီလိတ်)ရုံး၌ မူးယစ်အထူးအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်တင်အေးနှင့် အဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးမောင်အုန်းနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးစွဲ လူနာများအား ပြန်လည်ကုသရေး ဆောင်ရွက်နေသည့် စေတနာရှင် ဒေသခံ အခါခေါင်းဆောင် ဦးအဇီးတို့က မူးယစ်ဆေးဝါးပညာပေးဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ကိုလိုနီအမွေဆိုး

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကိုလိုနီနယ်ချဲ့ အမွေဆိုးဖြစ်သော မူးယစ်ဆေးဝါးကို ယနေ့အချိန်တိုင် ကိုလိုနီလက်သစ်တို့က နိုင်ငံရေးလက်နက်သဖွယ် ဆက်လက်၍ အသုံးပြုလျက်ရှိကြောင်း၊ သို့ဖြစ်၍ အမျိုးသားရေးအန္တရာယ်အဖြစ် ဒေသခံပြည်သူများအနေဖြင့် အသိနှင့်ယှဉ်သော ဆန့်ကျင်တိုက်ဖျက်မှုများ ဖြစ်ပေါ်လာရေးအတွက် မူးယစ်အထူးအဖွဲ့ဝင်များ၊ ပြန်ကြားရေး ဝန်ထမ်းများ၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားကြရန် မှာကြားသည်။

လက်ခံကုသ

တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၏ တင်ပြချက်အရ တာချီလိတ်မြို့နယ် လွယ်တော်ခန်းကျေးရွာ လူထုအခြေပြုလူငယ်များ လေ့ကျင့်ပျိုးထောင်ရေး စခန်းကို စေတနာရှင် အခါတိုင်းရင်းသားခေါင်းဆောင် ဦးအဇီးက မ,တည်ရင်းနှီး ထူထောင်ခဲ့ကြောင်း၊ ဌာနဆိုင်ရာများ ဝိုင်းဝန်းကူညီမှုဖြင့် ယင်းစခန်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုအချိန်အထိ မူးယစ်ဆေးစွဲလူနာများအား လေးသုတ်ခွဲ၍ လက်ခံကုသပေးခဲ့ပြီးဖြစ်ရာ စုစုပေါင်း ၁၁၄ ဦး လုံးဝ ပျောက်ကင်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မူးယစ်အထူးအဖွဲ့ (တာချီလိတ်)ရုံး၌ မူးယစ်အထူးအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်–မန္တလေး ဈေးသင်္ဘော "မြရော" ထွက်ခွာမည်

ရန်ကုန် ဧပြီ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်–မန္တလေး ဈေးသင်္ဘောခေါက်ရေ(၁) "မြရော"ရေယာဉ်သည် မေ ၁၀ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၆) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း– ၂၉၂၀၉၉၊ ၂၉၂၃၁၉ တို့သို့သော်လည်းကောင်း ဆက်သွယ် ဆောင်ရွက်နိုင်ကြကြောင်း၊ နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်း အမှတ်စဉ် (၁၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ဗိုလ်မှူးကြီး ဇော်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ သင်တန်းတွင် ပို့ချပေးသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နည်းပြအရာရှိများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ရဲအရာရှိ ၄၀ တက်ရောက်သည်။ (သတင်းစဉ်)

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ချယ်လ်ဆီးနှင့် လီဗာပူး ဂိုးမရှိ သရေကျ

လန်ဒန် ဧပြီ ၂၈

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲအဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ဧပြီ ၂၇ရက်က လန်ဒန်ရှိ စတမ်ဖို့ဒ်ဘရစ်ချ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျခဲ့ကြသည်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် အင်္ဂလိပ် ပရီမီယာလိဂ်အသင်း နှစ်သင်း တွေ့ဆုံခြင်းမှာ ကြုံတောင့်ကြုံခဲ ထူးထူးခြားခြားပင်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပထမပိုင်းတွင် ခြေအသာဖြင့် ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒရော့ဘာနှင့် ဖရန့်စ်လမ်းပက်တို့ ကန်သွင်းသည့် ဘောလုံးများ ဂိုးလွဲခဲ့ရသည်။ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်သည် လီဗာပူးအသင်းမှ ဂျွန်အန်း ရီဆားနှင့် မီလန်ဘာရို့စ်တို့၏ အပိုင်ဂိုးသွင်းမှုတို့ကို ကာကွယ်လိုက်နိုင်၍သာ ချယ်လ်ဆီးအသင်း ဂိုးမပေးရခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မည်သည့်အသင်းကမျှ ဂိုးရအောင် ဖန်တီးနိုင်ခြင်း မရှိခဲ့ပေ။

ချယ်လ်ဆီးအသင်းအတွက် အားထားရသည့် ဒမ်မီယန်ဒပ်ဖ်နှင့် အာဂျင်ရော်ဘင်တို့မှာလည်း ပါဝင်ကစားနိုင်ခြင်း မရှိသဖြင့် ကွင်းလယ်ပိုင်း အားနည်းခဲ့ရခြင်းဖြစ်သည်။ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်ကို မေ ၃ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(ဆင်ဟွာ)**

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ချယ်လ်ဆီးအသင်းမှ ဂလင်းဂျွန်ဆင်(ဝဲ)နှင့် လီဗာပူးမှ ဂျွန်အန်းရီဆားတို့ ဘောလုံးယှဉ်လုနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရောဝတီတိုင်းခရီးစဉ် မိန့်ခွန်းများမှ ကောက်နုတ်ချက်

* နိုင်ငံတော်အစိုးရသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ နိုင်ငံတော်ကို ရည်မှန်းချက်ရှိရှိ တည်ဆောက်လာခဲ့ခြင်းဖြစ်။
* ဒွိတာဝန်အရေးသုံးပါးကိုဆန့်ကျင်ပြီး ပြည်ပလက်ကိုင်တုတ် အစေအပါး အဖွဲ့ ဖွဲ့စည်းကာ နိုင်ငံတော်ကိုဖျက်ဆီးမည့်သူများ ပေါ်ပေါက်နေ။
* မည်သည့်အနှောင့်အယှက် အဖျက်လုပ်ရပ်ကိုမဆို ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသားတိုက်ဖျက်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကဏ္ဍအသီးသီး တိုးတက်အောင်မြင်မှုအသီးအပွင့်များ ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ခြင်းသည် ကချင်ပြည်နယ် အေးချမ်းတည်ငြိမ်မှုရရှိပြီး တရားဥပဒေစိုးမိုးလွှမ်းခြုံနေခြင်းကြောင့်ပင်ဖြစ်

ရန်ကုန် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် မန္တလေး–ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုလမ်းပေါ်ရှိ နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါ တံတားအနီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့်ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်များ ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာလျက် ရှိသည်။ ယင်းသို့ ထုတ်ပြန်ကြေညာကြသော အဖွဲ့အစည်းများအနက် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်နှင့် “ဝ”အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ သဘောထားကြေညာချက်အပြည့်အစုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်–

(သတင်းစဉ်)

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ သဘောထားကြေညာချက်

ဧပြီလ (၂၈)ရက်၊ ၂၀၀၅ ခုနှစ်

၁။ ၂၀၀၅ ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် ပြည်ပတစ်နေရာ၌ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ်တည်ထောင်ကြောင်း သတင်းထုတ်ပြန်သည်ကို ကြားသိရသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်သည် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ မူဝါဒသဘောထားများနှင့် ဆန့်ကျင်ပြီး ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်သည် ၎င်း၏သတင်းထုတ်ပြန် ကြေညာသည့်အဖွဲ့နှင့်လည်း ဆက်စပ်ပတ်သက်ခြင်း လုံးဝမရှိပါ၊ စိတ်လည်းမဝင်စားပါ။

၃။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်သည် ပြည်ထောင်စုမှ သီးခြားခွဲထွက်ရေးမူကို မည်သည့်အခါမျှ လက်ခံကျင့်သုံးခြင်းမရှိ၊ နောင်လည်းကျင့်သုံးမည် မဟုတ်ပါ။

၄။ သို့ဖြစ်၍ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်းကို ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

ဦးစောသန်းအောင်
ဒုတိယ ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်

“ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (WNDP) ဗဟိုဌာနချုပ်၏ သဘောထားကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် မီတင်းနေထိုင်ကြသော နိုင်ငံတော်ကြီးဖြစ်သည်။ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရရှိအောင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ကျရာတာဝန်ဖြင့် တက်ညီလက်ညီ တော်လှန်ရယူခဲ့သည်။

၂။ ပြည်ထောင်စုကြီး ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းအောင် စစ်မှန်သော ပြည်ထောင်စုစနစ်နှင့် စစ်မှန်သော ဒီမိုကရေစီနည်းဖြင့် တည်ဆောက်နိုင်မှသာ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်သည်။

၃။ ပြည်ထောင်စုကြီးပြိုကွဲစေပြီး တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် ပြည်ထောင်စုကြီးမှ သီးခြားခွဲထွက်မည့် မည်သည့်ပြုမူကျင့်ကြံ၊ ဆောင်ရွက်မှုကိုမျှ လုံးဝလက်မခံ၊ ကန့်ကွက်ဆန့်ကျင်ကြောင်း ကြေညာလိုက်သည်။

ဦးဖီးလစ်ဆမ်
နာယက
ဗဟိုကော်မတီဌာနချုပ်
“ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၀၅–ခုနှစ်၊ ဧပြီလ (၂၈)